# နာဂစ် (၃)လပြည့်နေ့မှာ

# ကိုဇာဂနာ၊ ကိုဇော်သက်ထွေးတို့ အဖမ်းခံနေရဆဲ

မြန်မာပြည်အောက်ပိုင်းမှာ နာဂစ်မုန်တိုင်း ဝင်မွှေသွားတာ ဒီနေ့ဆိုရင် (၃)လတိတိ ပြည့်ပါပြီ။

နာဂစ်မုန်တိုင်းဒဏ်ကို ခံစားရတဲ့ ပြည်သူတွေ ဒုက္ခအကြီးအကျယ် ရောက်နေရတာကို တကမ္ဘာလုံး အသိပါ။ နအဖကိုယ်တိုင်က မြန်မာပြည်သူတွေကိုရော၊ နိုင်ငံတကာကိုရော လေဘေး ကယ်ဆယ်ရေး အကူအညီတွေကို တောင်းခံနေရတာ အခုထိပါပဲ။

နအဖဟာ တဖက်မှာ အကူအညီတောင်းပြီး အခြားတဖက်မှာ ဒုက္ခသည်တွေကို ဘယ်သူကမှ အကူအညီ မပေးနိုင်အောင်၊ အကူအညီတွေ နှောင့်နှေးကြန့်ကြာအောင် နည်းအမျိုးမျိုးနဲ့ နှောင့် ယှက်နေခဲ့ပါတယ်။

ဒီလို နှောင့်ယှက်နေတာတွေမှာ နိုင်ငံတကာ အနေအထားအရ အထင်ရှားဆုံး ဥပမာတခုကတော့ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန် ရေတပ်သင်္ဘောတွေကို အကူအညီပေးခွင့် မပြုခဲ့တာပဲ ဖြစ်ပါတယ်။

ပြည်တွင်းအနေအထားအရ အထင်ရှားဆုံး နမူနာကတော့ မုန်တိုင်း ဒုက္ခသည်တွေကို သနား ဂရုဏာစိတ်နဲ့ ဦးဆောင်ကူညီပေးနေတဲ့ ကိုသုရ(ဇာဂနာ)နဲ့ ကိုဇော်သက်ထွေးကို နအဖက ဖမ်းဆီး လိုက်တာပဲ ဖြစ်ပါတယ်။

ပရဟိတ လူမှုရေးလုပ်ငန်းတွေကို ကူညီပေးနေတဲ့ ဇာဂနာကို ရာဇဝတ်မှု ကျူးလွန်ပါတယ်လို့ နအဖက စွပ်စွဲပြီး မရရအောင် အပြစ်ပေးဖို့ သိသိသာသာ ကြံစည်လုပ်ဆောင်နေပါတယ်။

ဇာဂနာကို လွှန်ခဲ့တဲ့ဇွန်လဆန်းက ရန်ကုန်မြို့ စမ်းချောင်းမြို့ နေအိမ်မှာ ဖမ်းဆီးခဲ့ပြီး လေဘေး ကယ်ဆယ်ရေးလုပ်ငန်းတွေကို မှတ်တမ်းတင်ထားတဲ့ စီဒီ ဓာတ်ပြားတချပ်၊ ရမ်ဘို အပိုင်း ၄ ရုပ်ရှင် ဓာတ်ပြား၊ စိန်စီသောည စီဒီ ဓာတ်ပြား၊ ကွန်ပျူတာ Hard Disk တလုံး၊ အမေရိကန်ဒေါ်လာ တထောင်နဲ့ FEC ၃၀ တို့ကို အာဏာပိုင်တွေက သိမ်းယူသွားခဲ့ပါတယ်။ ဒါကတော့ တရားဥပဒေ စိုးမိုးမှု ပျက်ပြားနေတဲ့ ခေတ်ပျက်ကြီးမှာ အမှန်ဟုတ်မဟုတ် ပြောလို့ မရနိုင်ပါဘူး။ နအဖမှာ ဘိန်းပစ် ဖမ်းတဲ့ သောက်ကျင့်ဆိုးကြီး ရှိတယ်ဆိုတာ လူတိုင်းသိနေပါတယ်။

လေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေကို မှတ်တမ်းတင်ထားတဲ့ စီဒီ ဓာတ်ပြားတွေကို သိမ်းထားတဲ့ သူတွေ၊ ကြည့်နေတဲ့သူတွေ မြန်မာနိုင်ငံထဲမှာ သန်းနဲ့ချီပြီး ရှိနေပါတယ်။

ရမ်ဘို အပိုင်း၄ ရုပ်ရှင်ဓာတ်ပြား(ဒီဗီဒီ)ကို ဘယ်လောက်ပဲ ညွှန်ကြားချက်တွေနဲ့ တားဆီး ဟန့်တား ထားပေမယ့်လည်း ဘယ်သူမဆို လွတ်လွတ်လပ်လပ် ဝယ်လို့ ရနေပါတယ်။ အာဏာရှင် နအဖရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ သူတို့မိသားစု တချို့ကလည်း ကြည့်နေခဲ့ကြတာပါပဲ။ ဒီလိုပဲ စိန်စီသော ည စီဒီဆိုရင်လည်း သူတို့ခေါင်းဆောင် အသိုင်းအဝိုင်းမှာ မကြည့်ဖူးသေးသူဆိုလို့ တယောက်မှ

မရှိကြပါဘူး။ သိမ်းထားတဲ့သူတွေတောင် ရှိနေကြပါတယ်။

အမေရိကန်ဒေါ်လာဆိုရင် တကယ်တမ်း လက်ဝယ်ကိုင်ထားသူတွေဟာ နအဖနဲ့ သူတို့ရဲ့ အသိုင်းအဝိုင်း တစုတို့ပဲ ဖြစ်ပါတယ်။ ဇာဂနာကို အမေရိကန်ဒေါ်လာတွေမှုနဲ့ ဖမ်းရင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နဲ့ ဒေါ်ကြိုင်ကြိုင်ကို အရင်ဆုံး ဖမ်းရမှာ ဖြစ်ပါတယ်။

ကိုသူရ (ဇာဂနာ)မှာ တကယ်တော့ အပြစ်မရှိပါဘူး။ အပြစ်မရှိတဲ့အပြင်၊ ပြည်သူတွေ စံနမူနာထားထိုက်တဲ့ သူအဖြစ် နအဖကတောင် လူမှုထူးချွန်ဆု ချီးမြှင့်သင့်နေတာ ကြာပါပြီ။

ကိုဇော်သက်ထွေး ဆိုရင်လည်း ဇာဂနာလိုပဲ ပြည်သူတွေအတွက် ပရဟိတ အကျိုးပြု လုပ်ငန်းကို စိတ်ရောကိုယ်ပါ လုပ်နေသူပါပဲ။ သူ့မှာ ဘာအပြစ်မှ မရှိတဲ့အတွက် အခုလို ဖမ်းဆီးထားတာဟာ မတရားပါဘူး။

လူထုအကျိုးပြု လုပ်ငန်းတွေ လုပ်ဆောင်နေကြတဲ့သူတွေကို နအဖက အမှုဆင်ဖမ်းဆီးပြီး မတရားအပြစ်ပေး ထောင်ချမယ့်အစား ပြန်လွှတ်ပေးပြီး သင့်တော်သလို ဂုဏ်ပြုပေးမှသာ နအဖဟာ သူတို့ စွန်းထင်းစေခဲ့တဲ့ မြန်မာသမိုင်း အမဲစက်ကြီးကို တဖြည်းဖြည်းနဲ့ ဖျောက်ဖျက်နိုင်မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီကို လိုချင်ရင် ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ အရည်အချင်းနဲ့ ကျင့်ကြံပြုမူနိုင်ဖို့ ကြိုးစားရပါမယ်။ လမ်းပြမြေပုံအတိုင်း ဒီမိုကရေစီ နိုင်ငံတည်ဆောက်ဖို့ လုပ်နေပါတယ်လို့ ပါးစပ်က အော်နေရုံနဲ့ ဒီမိုကရေစီ အခြေခံအုတ်မြစ်ကို တည်ဆောက်လို့မရပါဘူး။ အာဏာရှင် နအဖခေါင်းဆောင်ကြီးတွေ ကိုယ်တိုင်က လက်တွေ့လုပ်ဖို့ လိုနေပါပြီ။

တကယ်လို့ နအဖက မလုပ်ချင်ဘူး၊ မလုပ်တတ်ဘူး၊ မလုပ်နိုင်ဘူး ဆိုရင်လည်း လုပ်ချင်တဲ့သူ၊ လုပ်တတ်တဲ့သူ၊ လုပ်နိုင်တဲ့သူတွေကို လက်လွှဲပေးလိုက်စေချင်ပါတယ်။ ဒီမိုကရေစီခေတ်မှာ လူ့အခွင့်အရေး လေးစားမှုနဲ့ တရားဥပဒေ စိုးမိုးမှုကို နအဖလည်း ခံစားခွင့် ရှိနေမှာပါ။

နာဂစ် ဝင်မွှေသွားလို့ မုန်တိုင်းဒဏ် ခံရသူတွေ သိန်းနဲ့ချီပြီးသေ၊ သန်းနဲ့ချီပြီး ဒုက္ခရောက်ရပါတယ်။ နအဖ မွှေလို့ မြန်မာတနိုင်ငံလုံးကတော့ ဖွတ်ဖွတ်ကြေနေပါပြီ။ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းစင်ပြီး လူရှိသေ-ရှင်ရှိသေ အလုပ်လုပ်ကြဖို့ အချိန်တန်ပါပြီ။

**နအဖရဲ့ မတရား ဖမ်းဆီး၊ ထောင်ချ၊ ထိန်းသိမ်းခံနေရသူများ အမြန်ဆုံး ပြန်လွှတ်ပါစေ။**

လွင်အောင်စိုး

၂-၈-၂၀၀၈